***လယ်ယာမြေ ဥပဒေ၏ ပုဒ်မ အချို့အပေါ် သဘောထားမှတ်ချက်များ***

(က) "ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးမြေ" သည် ပုဒ်မ (၃) ပိုဒ်မခွဲ(က)၌ ပါဝင်သင့်သည်။ ၎င်းသည် "မြေနုကျွန်းမြေ" ကဲ့သို့ အဓိပ္ပါယ်ဖွင့်ဆိုချက်တစ်ခု ရှိသင့်သည်။

(ခ) အိမ်ထောင်စု၏ အိမ်ထောင်ဦးစီးသည် အသက် ၁၈-နှစ်အောက်ဖြစ်ပါက ၎င်းကို ပုဒ်မ (၃) ပုဒ်မခွဲ (ဆ) ၌ အသိအမှတ် ပြုသင့်သည်။

(ဂ) ပုဒ်မ (၃) ပုဒ်မခွဲ (ဈ) "အုပ်ထိန်းသူ" အဓိပ္ပါယ်ဖွင့်ဆိုချက်၌ ကျေးရွာကခန့်အပ်သောသူကို တရားရုံးက အသိအမှတ်ပြုသင့်သည်။

(ဃ) ပုဒ်မ (၃) ပုဒ်မခွဲ (ဓ) ၌ အဆောက်အအုံဖြင့် တိုးတက်ကောင်းမွန်စေရန် ပြုပြင်ခြင်း ဟူသော စကားရပ်၏အနက်အဓိပ္ပါယ်သည် လုပ်ကွက်ငယ် တောင်သူလယ်သမားများ အတွက်မဟုတ်ဘဲ ချမ်းသာကြွယ်ဝသူများအတွက်ရည်ရွယ်ထားသည်ဟု သုံးသပ်ရသည်။

(င) ပုဒ်မ (၆) ပုဒ်မခွဲ(က)၏ ပုဒ်မခွဲငယ်(၄)၌ အသက် ၁၈-နှစ်အောက်ပုဂ္ဂိုလ်ကိုလည်း အသိအမှတ်ပြုသင့်သည်။

(စ) ပုဒ်မ (၈) သည် ချမ်းသာကြွယ်ဝသူများကို ဦးစားပေးထားသည်၊ စင်စစ် မြေလွတ် မြေလပ်နှင့် မြေရိုင်းများအသုံးပြုရာတွင် သာမန်တောင်သူလယ်သမားတို့သည် ခရိုနီများ ကဲ့သို့ တူညီသောအခွင့်အရေးများ မရကြပါ။

(ဆ) ပုဒ်မ (၁၀) နှင့် (၁၁) တို့၌ မြေနုကျွန်းမြေနှင့်ပတ်သက်၍ ပြဋ္ဌာန်းချက်များသည် လယ်ယာမြေဥပဒေနှင့် ကိုက်ညီဆီလျော်မှုမရှိပဲ သီးခြားဥပဒေတစ်ခုအဖြစ် ဥပဒေကြမ်း ရေးဆွဲသင့်သည်။

(ဇ) ပုဒ်မ(၁၄)၌ ပြဋ္ဌာန်းချက်သည် လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူသည် အစိုးရ၏ခွင့်ပြုချက် မရဘဲ လယ်ယာမြေအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ မည်သည့် နိုင်ငံ ခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းသို့ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်း မပြုရဟုဖော်ပြထားရာ ၎င်းအချက် သည် ပုဒ်မ (၉) ပုဒ်မခွဲ(စ)နှင့်ဝိရောဓိဖြစ်နေသည်။ ၎င်းအချက်သည် ဘက်လိုက်မှုများနှင့် အကျင့်ပျက်ခြစားမှုများကို ဦးတည်ဖြစ်စေနိုင်သည်။

(ဈ) ပုဒ်မ (၁၅) နှင့် (၁၆) တို့သည် ဗဟိုဦးစီးစနစ်တစ်ခုဖန်တီးပေးထားသည်။ လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အဆင့်တိုင်းတွင် တောင်သူလယ်သမားကိုယ်စားလှယ်များအနည်းဆုံး ၅၀% ပါဝင်စေသင့်သည်။

(ည) ပုဒ်မ (၁၇) နှင့် (၁၈) တို့သည် ဗဟိုဦးစီးစနစ်ဖန်တီးထားသောကြောင့် ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ပေးသင့်သည်။ ဘက်လိုက်မှုပယောဂများမရှိသည့် စနစ်တစ်ခု မြှင့်တင်နိုင်ရန် လွတ်လပ်သော စောင့်ကြည့် အကဲဖြတ် ကော်မတီတစ်ခု ဖွဲ့စည်းထူထောင်သင့်သည်။

(ဋ) ပုဒ်မ (၂၉) နှင့် (၃၀) တို့သည် တောင်သူလယ်သမားတို့၏ အမြင်၊ ဆန္ဒနှင့် ဆုံးဖြတ်မှုများ မပါဝင်ပဲ ၎င်းအချက်များသည် လွတ်လပ်သော၊ ဦးစားပေးသော၊ ကြိုတင် သတင်း ပေးသော လိုက်လျောသဘောတူညီမှုရယူခြင်း (FPIC) စံနှုန်းများနှင့် မကိုက်ညီပါ။ ထိုပုဒ်မများသည် လုပ်ကွက်ငယ်တောင်သူလယ်သမားအားဆန့်ကျင်လျက် အတင်းအဓမ္မ ဖိနှိပ်ထားကြသည်။

(ဌ) "နိုင်ငံ့အကျိုးစီးပွားနှင့်ပတ်သက်သော စီမံကိန်းများအတွက် လယ်ယာမြေကို သိမ်းဆည်း ရာတွင် အနည်းဆုံးလိုအပ်သည့်ပမာဏကိုသာသိမ်းယူရမည် ... စီမံကိန်း အကောင်

အထည်မဖော်လျှင် လယ်ယာမြေကို မူလက အသုံးပြုခွင့် ရရှိထားသူ/ အဖွဲ့အစည်းသို့ ပြန်လည်ပေးအပ်ရမည်" နှင့် "... ကျွဲနွားစားကျက်များနှင့် ကျေးရွာဘုံမြေတို့ကို မပျက်စီးစေဘဲ ဆက်လက်ထိန်းသိမ်းထားရမည်" ဟူသောအချက်များကိုညွှန်းဆိုလျက် ပုဒ်မ (၃၂) နှင့် (၃၃) တို့ပါ ပြဋ္ဌာန်းချက်များကို စနစ်ကျသောနည်းလမ်းဖြင့် လိုက်နာကျင့်သုံးရန် လိုအပ်ပါသည်။

*လယ်ယာမြေအငြင်းပွားမှုဖြေရှင်းခြင်း*

မြေယာအငြင်းပွားမှုများကို အကျင့်ပျက်ခြစားမှု၊ ဘက်လိုက်မှု (ပယောဂ) များနှင့် မျက်နှာသာပေးမှုမရှိဘဲ ပွင့်လင်းမြင်သာစွာနှင့် တရားမျှတစွာဖြေရှင်းသင့်သည်။ စစ်မှန်သောတောင်သူလယ်သမားအဖွဲ့အစည်းတို့မှ ကိုယ်စားလှယ်များသည် တောင်သူလယ်သမားအကျိုးစီးပွားကို အကာကွယ်ပေးခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ကာကွယ်စောင့်ရှောက်သူအဖြစ် လယ်ယာမြေအငြင်းပွားမှုဖြေရှင်းခြင်း လုပ်ငန်းစဉ်များ၏ အဆင့်တိုင်းတွင်ပူးပေါင်းပါဝင်သင့်သည်။ ဆုံးဖြတ်ချက်များသည် မမှန်ကန်လျှင် ပုဂ္ဂိုလ်/ အဖွဲ့အစည်း က ဥပဒေအရ လယ်ယာမြေအငြင်းပွားမှု ဖြေရှင်းခြင်း လုပ်ထုံးစနစ် (ယန္တရား) အတွင်းရှိ ကော်မတီ/ကော်မရှင် အဆင့်ဆင့်ကိုလည်းတရားစွဲဆိုခွင့်ရှိသင့်သည်။ ထို့အတွက် ဥပဒေတွင် အဓိကကျသည့် အောက်ပါအချက်များ ထပ်မံဖြည့်စွက်သင့်သည် -

(က) ဘက်လိုက်မှုများ သို့မဟုတ် မျက်နှာသာပေးမှုမရှိဘဲ တရားမျှတသောစနစ်တစ်ခု မြှင့်တင်ရန် စောင့်ကြည့် သုံးသပ် အကဲဖြတ် ကော်မတီတစ်ခု ဖွဲ့စည်းထူထောင်သင့်သည်။

(ခ) မြေယာအငြင်းပွားမှုများဖြေရှင်းရန် အစိုးရဌာနအဖွဲ့အစည်းများ၊ တောင်သူလယ်သမားများ၊ ပုဂ္ဂလိကအခန်းကဏ္ဍတို့ပါဝင်ကြသည့် သုံးပွင့်ဆိုင်အငြင်းပွားမှု ဖြေရှင်းခြင်းလုပ်ငန်းစဉ်များ ထူထောင်သင့်သည်။

(ဂ) မြေယာအငြင်းပွားမှုများကို ဖြေရှင်းရန် ပညာရပ်အသိုင်းအဝန်းမှပုဂ္ဂိုလ်များ၊ မြေယာကျွမ်းကျင်ပညာရှင်များနှင့် ဒေသခံတောင်သူလယ်သမားများသာပါဝင်သော ကွင်းဆင်းအဖွဲ့တစ်ခု ထူထောင်သင့်သည်။

*လယ်ယာမြေဥပဒေ၏ ပုဒ်မအချို့အပေါ် သဘောထားမှတ်ချက်များ*

(က) စည်းကမ်းချက်များကိုလိုက်နာရန် ပျက်ကွက်၍ အရေးယူခြင်း အခန်းရှိ ပုဒ်မ (၁၉) (၂၀) နှင့် (၂၁) တို့ကိုပယ်ဖျက်သင့်သည်။ ထိုပြဋ္ဌာန်းချက်များသည် တောင်သူလယ်သမားများအတွက် အတင်းအဓမ္မပြုပြီး နှိပ်ကွပ်ထားကြသည်။

(ခ) လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှုဖြေရှင်းခြင်းနှင့် အယူခံခြင်း အခန်းရှိ ပုဒ်မ (၂၂) (၂၃) (၂၄)နှင့်(၂၅) တို့၌ စစ်မှန်သောတောင်သူလယ်သမား ကိုယ်စားလှယ်များ ပါရှိသင့်သည်။ (ဥပဒေ)ပုဒ်မတို့၏ ဆက်စပ်သောပြဋ္ဌာန်းချက်တိုင်းကို စနစ်ကျနစွာဖြင့် လိုက်နာကျင့်သုံးသင့်သည်။

(ဂ) ပုဒ်မ(၂၆)နှင့်(၂၇)တို့ကို အကောင်အထည်ဖော်ခြင်းသည် မြေပြင်ရှိ တောင်သူလယ်သမားတို့၏အခြေအနေနှင့် လိုက်ဖက်ညီမှုမရှိပါ။ တောင်သူလယ်သမားတို့၏ အမြင်သဘောထားနှင့် ဆုံးဖြတ်မှုတို့ကို လုံးဝ ထည့်သွင်းစဉ်းစားထားခြင်းမရှိပါ။

(ဃ) ပြစ်မှုနှင့်ပြစ်ဒဏ်များ အခန်းမှ ပုဒ်မ(၃၅)(၃၆)နှင့်(၃၇)တို့ကို ဖြုတ်ပစ်သင့်သည်။ ထိုပြဋ္ဌာန်းချက်တို့က လုပ်ကွက်ငယ်တောင်သူလယ်သမားများအားအတင်းအဓမ္မ ဖိနှိပ်ထားကြသည်။ ပုဒ်မ(၃၅)နှင့်(၃၇)တို့ကို ပြင်ဆင်မည့်အဆိုပြုချက်သာမက ၃၇(က) ကို ထပ်မံဖြည့်စွက်ချက်တို့သည် တောင်သူလယ်သမားများအား ပိုမိုဖိနှိပ်ထားကြသည်၊ ထို့ကြောင့် ပယ်ဖျက်သင့်သည်။

(င) အထွေထွေအခန်းမှ ပုဒ်မ (၄၁) နှင့် ပြင်ဆင်မည့်အဆိုပြုချက်တို့ကို ပယ်ဖျက်သင့်သည်။

***ဈေးကွက် လုံခြုံစိတ်ချရမှုအား ခိုင်မာသေချာစေခြင်း***

လယ်ယာမြေဥပဒေ၏ အဓိကရည်ရွယ်ချက်သည် ဈေးကွက်လုံခြုံစိတ်ချရမှုအား ခိုင်မာစေခြင်းကိုသာ ဦးမတည်သင့်ကြောင်း ဒို့မြေကွန်ရက်မှရှုမြင်သည်။ ထိုအစား လယ်ယာမြေဥပဒေ၏ အဓိက ရည်ရွယ်ချက်သည် ကျေးလက်လုပ်သားပြည်သူ (လုပ်ကွက်ငယ်တောင်သူလယ်သမားများ၊ တံငါသည်များ၊ ကျွဲ နွား ဆိတ် စသည့် တိရစ္ဆာန်အုပ်လှတ်ကျောင်းသူများနှင့် သစ်တောအတွင်းနေထိုင်သူများ) တို့၏ ကောင်းမွန်ပြီး ဂုဏ်သိက္ခာရှိသော အသက်မွေးဝမ်းကျောင်းမှုကိုခိုင်မာစေသင့်သည်။ ၎င်းပြည်သူတို့သည် တိုင်းပြည်လူဦးရေ၏ အများစုဖြစ်ကြသည်။ ၎င်းတို့ကိုယ်တိုင်နှင့် ၎င်းတို့၏ကလေးသူငယ်များအတွက်၊ ရပ်ရွာ အသိုင်းအဝိုင်းနှင့် တစ်နိုင်ငံလုံး၏စားနပ်ရိက္ခာအတွက်၊ ၎င်းတို့ မှီတင်းနေထိုင်/ လုပ်ကိုင်စားသောက်/ ထိန်းသိမ်းစောင့်ရှောက်သော မြေယာကို သိက္ခာရှိရှိဖြင့် ဆက်လက်မှီခိုရပ်တည်ခွင့်ကို ခိုင်မာသေချာစေသင့်သည်။ တိုင်းပြည်၏ စားနပ်ရိက္ခာအတွက်ဖြည့်တင်းပေးကြသော လုပ်ကွက်ငယ်တောင်သူလယ်သမားများနှင့် ကျေးလက်လုပ်သားပြည်သူတို့အားဖြည့်ဆည်းပေးဖို့အလို့ငှာ ဈေးကွက်ဆက်ဆံမှုများကို ထိန်းကျောင်းသင့်သည်။ ၎င်းတို့၏ လုပ်ကွက်ငယ်များနှင့် ဓလေ့ထုံးတမ်းအလေ့အထများမှာ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုတို့ကိုထိခိုက်စေခြင်းမရှိပါ။ ၎င်းတို့သည် အားကောင်းသော ကျေးလက်စီးပွားရေး၏ ကျောရိုးများဖြစ်ကြသည်၊ ထိုနေရာတွင် ၎င်းတို့ကိုယ်တိုင်ကိုယ်ကျ ရွေးချယ်သောနည်းလမ်းများဖြင့် ဂုဏ်သိက္ခာရှိရှိ အမှန်တကယ် နေထိုင်နိုင်ကြသည်။

ဈေးကွက် လုံခြုံစိတ်ချရမှုဆိုရာတွင် တကယ့်လက်တွေ့၌ အကြီးစားယန္တရားကြီးများနှင့် ဓါတုဗေဒ အခြေခံစက်မှု-စိုက်ပျိုးရေး၊ အကြီးစားသီးနှံတစ်မျိုးတည်းစိုက်ပျိုးမှုများ၊ အခြားခြားသော စီးပွားဖြစ်စိုက်ပျိုးမှု အလေ့အထများလုပ်ဆောင်ရန် ပံ့ပိုးဆိုလိုရာရောက်သည်။ ထိုသို့သောအရာများက ဓလေ့ထုံးတမ်းစနစ်များ၊ အလေ့အထများနှင့် သက်ရှိဘဝများ၊ ရာသီဥတု၊ ဒေသ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံ ဂေဟစနစ်များ၊ ဒေသစားနပ်ရိက္ခာထုတ်လုပ်မှုစနစ်များနှင့် ဒေသခံဈေးကွက်များသို့ အလွန်အကျွံအန္တရာယ် ဖြစ်စေကြောင်း အခြားနိုင်ငံများမှသက်သေသာဓကများရှိနှင့်ပြီးလည်းဖြစ်သည်။ ထိုအချက်များမှာ ထောက်ခံပံ့ပိုးသင့်သည့် အရာမဟုတ်ပဲ လယ်ယာမြေဥပဒေကို လွဲမှားသော ဦးတည်ရာသို့ ရွေ့လျားသွားစေသည်။

ထို့အတွက် ဥပဒေကို အောက်ပါ အဓိက အချက်များ ထပ်မံ ဖြည့်စွက်သင့်သည်-

(က) တောင်သူလယ်သမားများအနေဖြင့် ဆုံးရှုံးနစ်နာမှုများနှင့်မကြုံတွေ့ရစေရန် ဈေးနှုန်းများနှင့် ဈေးကွက်ကို အစိုးရက ထိန်းညှိသင့်သည်၊ အုပ်ချုပ်ကွပ်ကဲသင့်သည်၊

(ခ) တောင်သူလယ်သမားတို့၏ (စိုက်ပျိုးထုတ်လုပ်မှု) ကုန်ကျစရိတ်များထက် မနည်းသည့် ဈေးနှုန်းဖြင့် လယ်ယာမြေမှထွက်ရှိသောသီးနှံများကို အစိုးရကတာဝန်ယူ၍ ဝယ်ယူသင့်သည်၊

(ဂ) သီးနှံတစ်မျိုးတည်းစနစ် သို့မဟုတ် စီးပွားဖြစ်သီးနှံစနစ် မဖြစ်စေရအောင် အစိုးရက တာဝန်ခံသင့်သည်၊

(ဃ) လယ်ယာမြေ စိုက်ပျိုးထုတ်လုပ်ခြင်း အာမခံစနစ်၊ သီးနှံအပေါင်စနစ်၊ ရာသီဥတု/ သဘာဝ ဘေးအန္တရာယ်အာမခံစနစ် စသည်တို့ကို အစိုးရမှ ဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက် သင့်သည်၊

(င) သဘာဝပတ်ဝန်းကျင်၊ ဂေဟစနစ်များနှင့် ဒေသစိုက်ပျိုးရေးစနစ်များကို ဆိုးကျိုး သက်ရောက်မှုမရှိသည့်နည်းပညာများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်မှုအာမခံချက်များ အကောင်အထည်ဖော်ရန် အစိုးရက တာဝန်ယူဆောင်ရွက်သင့်သည်၊

(စ) မြေဆီလွှာထိန်းသိမ်းစောင့်ရှောက်ရေး၊ လုပ်သားများနှင့်စားသုံးသူများအားလုံးခြုံစိတ်ချရမှု ခိုင်မာသေချာစေရေးအလို့ငှာ လက်ခံနိုင်သော ထုတ်လုပ်မှုနည်းပညာများနှင့် စိုက်ပျိုးရေး နည်းစနစ်ကောင်းများကို အစိုးရမှ တောင်သူလယ်သမားများအား ပံ့ပိုးပေးသင့်သည်၊

(ဆ) ဈေးကွက်စနစ်ကို ကောင်းကောင်း နားလည်နိုင်စေသည့် လိုအပ်သော ဈေးကွက်သတင်း အချက်အလက်များ မျှဝေပေးခြင်းဖြင့် တောင်သူလယ်သမားများအား ဈေးကွက်နှင့် တိုက်ရိုက် ချိတ်ဆက်နိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးသင့်သည်။

***လယ်ယာမြေဥပဒေ၏ ပုဒ်မအချို့အပေါ် သဘောထားမှတ်ချက်များ***

(က) ပုဒ်မ (၁၂) ပုဒ်မခွဲ(င)၌ အစိုးရဌာန သို့မဟုတ် အစိုးရမှအသိအမှတ်ပြုထားသည့် အခြား ဌာနများကိုဖော်ပြထားသော်လည်း မည်သည့်ဌာနကမျှ အပေါင်ခံဆောင်ရွက်ပေးခြင်း မရှိသေးပါ။ ပုဒ်မ (၁၂) ပုဒ်မခွဲ(ဆ)သည်လည်း မြေပြင်လက်ရှိအခြေအနေနှင့် ကိုက်ညီ ဆီလျော်မှုမရှိပါ။ ပုဒ်မ (၁၂) ပုဒ်မခွဲ(ဇ)၌ ဖော်ပြထားသည့်အတိုင်း တောင်သူလယ်သမား တို့သည် ခွင့်ပြုချက်ရယူရန်မလိုဘဲ သီးနှံများကို လွတ်လပ်စွာစိုက်ပျိုးခွင့် ရှိသင့်ကြသည်။ ထိုပုဒ်မ(၁၂)ပုဒ်မခွဲ(ဇ)အားပြင်ဆင်မည့်အဆိုပြုချက်သည်လည်း ထူးထူးခြားခြားကွဲပြားမှု မရှိဘဲ ကန့်သတ်ချက်များထားရှိဆဲဖြစ်သည်။ ပုဒ်မ(၁၂) ပုဒ်မခွဲ(ဈ)၌ "ခိုင်လုံသော အကြောင်းပြချက်" ဆိုသည်ကို ရှင်းရှင်းလင်းလင်းအဓိပ္ပါယ်ဖွင့်ဆိုရန်လိုအပ်သည်။ ပုဒ်မ (၁၂) ၏ ပုဒ်မခွဲများအားလုံးသည် လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေမှုမရှိပါ။

(ခ) ပုဒ်မ(၂၈)၏ပုဒ်မခွဲ(က) နှင့် (ခ) တို့သည် စိုက်ပျိုးရန်သီးနှံကို လွတ်လွတ်လပ်လပ် ရွေးချယ်ရန် တောင်သူလယ်သမားတို့၏ အခွင့်အရေးများကို ကန့်သတ်ထားကြသည်။ ပြင်ဆင်သည့် ဥပဒေကြမ်းကလည်း ထူးခြားသောပြောင်းလဲမှုများ အဆိုပြုခြင်းမရှိဘဲ ၎င်းအချက်ကို ဆက်လက် ကန့်သတ်ထားသည်။

# ၃။ ဒို့မြေကွန်ရက်၏ အခြေခံကျသော ဥပဒေသများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

လယ်ယာမြေဥပဒေသည် သဘာဝအားဖြင့် ပြဿနာဖြစ်နေသည်။ လူတို့အတွက်မြေယာ၏ အဓိပ္ပာယ် ဘာလဲ၊ မည်သည့်ကိစ္စရပ်တွေအတွက် မြေယာကို ဘယ်လိုနည်းလမ်းတွေနဲ့အသုံးပြုမလဲ၊ တောင်သူလယ်သမားတစ်ဦးအဖြစ် ဘယ်လိုသတ်မှတ်လဲဆိုသည့်အမြင်များ၊ သို့ကြောင့် မြေယာဆိုင်ရာအခွင့်အရေးများ၊ တောင်သူလယ်သမားတို့၏ အကျိုးစီးပွါးများကို မည်သည့်အဖွဲ့အစည်းမျိုးက အထောက်အကူပြုသည်၊ ပိုမိုယေဘုယျဆန်ဆန်ဆိုသော် တစ်နိုင်ငံလုံးရှင်သန်မှုတွင် ကျေးလက်ဒေသက မည်သည့်အခန်းကဏ္ဍမှ ပါဝင်သည် စသည်တို့အပေါ် လယ်ယာမြေဥပဒေမှ ကျဉ်းမြောင်းသောအဓိပ္ပယ်ဖွင့်ဆိုမှုများ၊ ယူဆချက်များ၊ အမြင်များဖြင့် တည်ဆောက်ထားသည်။

ဒို့မြေကွန်ရက်တွင် လယ်ယာမြေဥပဒေ၊ အခြားသော ဆက်စပ်မြေယာဥပဒေများ၌ ထင်ဟပ်သင့်သည့် အောက်ဖော်ပြပါ အဓိကကျသော ဥပဒေသများနှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်များ ရှိပါသည်။

**လယ်ယာမြေ**

လယ်ယာမြေတွင် လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာ၊ နှစ်ရှည်သီးနှံစိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေ သို့မဟုတ် သစ်သီးဝလံ ပန်းမန်စိုက်ပျိုးသောမြေ၊ မြေနုကျွန်းမြေ၊ ရွှေ့ပြောင်းတောင်ယာမြေတို့ ပါဝင်ကြသည်။

**တောင်သူလယ်သမား**

တောင်သူလယ်သမားသည် ကိုယ်တိုင်ကိုယ်ကျအားဖြင့် အစဉ်တစိုက် နေထိုင်လျက် စိုက်ပျိုးရေး သို့မဟုတ် စိုက်ပျိုးရေးနှင့်မွေးမြူရေး (လုပ်ကွက်ငယ်တောင်သူလယ်သမားတို့၏ အသေးစားမွေးမြူရေး) လုပ်ကိုင်သူ သို့မဟုတ် နှစ်မျိုးလုံးကို သူ/သူမ၏ အဓိကအသက်မွေးဝမ်းကျောင်းအဖြစ်လုပ်ကိုင်သူဖြစ်သည်။ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးသူများအပါအဝင် ဖြစ်ကြသည်။

**တောင်သူလယ်သမား အဖွဲ့အစည်း**

တောင်သူလယ်သမားအဖွဲ့အစည်းဟူသည် တောင်သူလယ်သမားတို့၏ အကျိုးစီးပွါးများနှင့် အခွင့်အလမ်းများဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုကို ဆိုလိုသည်။

**မြေမဲ့ယာမဲ့**

မြေမဲ့ယာမဲ့သူများသည် ၄င်းတို့၏အသက်မွေးဝမ်းကျောင်းမှုအတွက် စိုက်ပျိုးရေးအပေါ်အမှီပြုနေကြရသော်လည်း မြေပိုင်ယာပိုင်မရှိသည့် တောင်သူလယ်သမားများဖြစ်ကြသည်။

**မြေ**

"မြေ"ဟူသည် နိုင်ငံ၏ပိုင်နက်နယ်နိမိတ်အတွင်း တကယ့်ပကတိမြေနှင့်ရေ၊ လေနှင့် (မြေနှင့်တွဲချိတ်လျက်ရှိသည့်) မြေဆီမြေလွှာနှင့် သဘာဝသယံဇာတရင်းမြစ်များကိုဆိုလိုသည်။ မြေ၊ ရေ၊ သစ်တောနှင့် သဘာဝသယံဇာတရင်းမြစ်များဟူသည် ထိုမြေပေါ်၌ နေထိုင်/ လုပ်ကိုင်ကြသူတို့၏

ဘဝ၊ အသက်မွေးဝမ်းကျောင်း၊ ဂုဏ်သိက္ခာ၊ သမိုင်းရာဇဝင်၊ ယဉ်ကျေးမှု၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတရင်းမြစ်များဟု အဓိပ္ပါယ်သက်ရောက်သည်။

# ၄။ သုံးသပ်ချက် နိဂုံး

လယ်ယာမြေဥပဒေနှင့် အဆိုပြု ပြင်ဆင်ဥပဒေကြမ်းတို့အပေါ် သဘောထားမှတ်ချက်နှင့် တုံ့ပြန်မှုတို့တွင် ကျွန်ုပ်တို့၏ အဓိကစိုးရိမ်ပူပန်မှုများနှင့် သဘောထားအကြံပြုချက်များပါဝင်သည်။ အချို့သောပုဒ်မများနှင့် ဆိုင်သည့် စိုးရိမ်ပူပန်မှုအချို့ ကျွန်ုပ်တို့ဖြည့်စွက်ထားသည်၊ သို့သော် ၎င်းတို့သည် ကုန်စင်ပြည့်စုံကြသည် မဟုတ်ပါ။

၂၀၁၂-လယ်ယာမြေဥပဒေသည် လုပ်ကွက်ငယ်တောင်သူလယ်သမားများကိုဖြစ်စေ၊ စစ်မှန်သည့်တောင်သူလယ်သမားများကိုဖြစ်စေ အကာကွယ်မပေးထားပါ။ ထို့အပြင် လက်ရှိ မြေယာအငြင်းပွားမှုများကို ဖြေရှင်းမပေးနိုင်ပါ။ ၎င်းသည် စီးပွားရေးသမားများ၊ ကုမ္ပဏီများနှင့် မြေယာသိမ်းဆည်းမှုတို့ကို အားပေးအားမြှောက်ပြုနေသည့် ဥပဒေတစ်ရပ်ဖြစ်သည်။ ၂၀၁၂-လယ်ယာမြေဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းသည်လည်း တောင်သူလယ်သမားများအား အကာကွယ်မပေးသည့်အပြင် ထိရောက်မှုလည်း လုံးဝမရှိပါ။ လက်ရှိမြေယာဥပဒေများသည် တိုင်းရင်းသားဒေသများ၌ ဓလေ့ထုံးတမ်းဆိုင်ရာမြေယာအခွင့်အရေးများကို လေးစားထည့်သွင်းထားခြင်းမရှိပါ။ **ထို့ကြောင့် ၂၀၁၂-လယ်ယာမြေဥပဒေကိုပြင်ဆင်ခြင်းအစား နိုင်ငံတစ်ဝှမ်းရှိ လုပ်ကွက်ငယ်တောင်သူလယ်သမားတို့၏အခွင့်အရေးများကို လေးစားသည့်၊ အကာကွယ်ပေးသည့်၊ မြှင့်တင်ပေးသည့် လယ်ယာမြေဥပဒေ အသစ်တစ်ရပ် ရေးဆွဲရန်လိုအပ်သည်။**

ထို့အတွက် လက်ရှိ လယ်ယာမြေဥပဒေကိုပြန်လည်သုံးသပ်ရန် မည်သည့်စတင်လုပ်ဆောင်မှုကိုမဆို မိမိတို့ကြိုဆိုပါသည်၊ လတ်တလော အဆိုပြုထားသော ဥပဒေပြင်ဆင်ချက်များ၏ သဘာဝနှင့် သွင်ပြင်လက္ခဏာတို့သည် လိုလားအပ်သောအရာမဟုတ်ကြောင်း မိမိတို့အနိုင်အမာခံစားရသည်။ ၎င်းတို့သည် တည်ဆဲဥပဒေ၏ အားနည်းချက်အစစ်များကို ကိုင်တွယ်ဖြေရှင်းရန် ပျက်ကွက်ကြသည်၊ တစ်ချိန်တည်းမှာပင် မှားယွင်းသော ဦးတည်ရာဆီသို့ မြေယာဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ရောက်သွားနိုင်ပါသည်။